သူ့ဥစ္စာကို ခိုးယူသည်။ ဟောတိ၊ ဖြစ်၏။ အဗြဟ္မစာရိ၊ မမြတ်သော မေထုန်အကျင့်ကို ကျင့်ခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ မုသာဝါဒီ၊ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ သုရာမေရယမဇ္ဇပါယီ၊ မေ့လျော့ခြင်း၏အကြောင်းဖြစ်သော သေရည်အရက်ကိုသောက်သည်။ ဟောတိ၊ ဖြစ်၏။

ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ အဝဏ္ဏံ၊ အပြစ်ကို။ ဝါ၊ ကဲ့ရဲ့ကြောင်းစကားကို။ ဘာသတိ၊ ပြောဆို၏။ ဓမ္မဿ၊ တရားတော်၏။ အဝဏ္ဏံ၊ အပြစ်ကို။ ဝါ၊ ကဲ့ရဲ့ကြောင်းစကားကို။ ဘာသတိ၊ ပြောဆို၏။ သံဃဿ၊ သံဃာတော်၏။ အဝဏ္ဏံ၊ အပြစ်ကို။ ဝါ၊ ကဲ့ရဲ့ကြောင်းစကားကို။ ဘာသတိ၊ ပြောဆို၏။ မိစ္ဆာဒိဋ္ဌိကော၊ မှားသော အယူရှိသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခုနိဒူသကော၊ ဘိက္ခုနီမကို ဖျက်ဆီးသည်။ ဟောတိ၊ ဖြစ်၏။ ဒသဟိ၊ ဆယ်ပါးကုန်သော။ ဣမေဟိ အင်္ဂေဟိ၊ ဤအကြောင်း အင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ သာမဏေရော၊ သာမဏေကို။ နာသေတဗ္ဗော၊ အသင်္ဃကိုဖျက် လူထွက်စေထိုက်၏။

## ဒဏ်ဆယ်ပါး ပါဌ်အနက်

ဒသဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတဗ္ဗံ၊ ဝိကာလဘောဇနော ဟောတိ၊ နစ္စ ဂီတ ဝါဒိတ ဝိသူကဒဿနော ဟောတိ၊ မာလာဂန္ဓ-ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနော ဟောတိ၊ ဥစ္စာ-သယန မဟာသယနော ဟောတိ၊ ဇာတရူပ ရဇတပ္ပ-ဋိဂ္ဂဟဏော ဟောတိ၊ ဘိက္ခူနံ အလာဘာယ ပရိ-